# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
# နေပြည်တော်

စိုက်ပျိုးရေးမိုးလေဝသစာစောင်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်
နေပြည်တော် (၁၁-၁၀-၂၀၂၄)

စိုက်ပျိုးရေး
မိုးလေဝသ
ဌာနခွဲ


၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း
တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရေချိန်များပြပုံ
(မီလီမီတာ)




















## ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(ပထမ)ဆယ်ရက်ပတ်အတွင်းမိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများ ပေါ်မူတည်၍ စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသအချက်အလက်များအကျဉ်းချုပ်ကို အောက်ပါအတိုင်းဆန်းစစ်ဖော်ပြအပ်ပါသည်။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

(၇.၁၀.၂၀၂၄)ရက်နေ့တွင် အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်ပါသည်။ (၄.၁၀.၂၀၂၄)ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းနှင့် အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် (၅.၁၀.၂၀၂၄)ရက်နေ့တွင် အားလျော့သွားခဲ့ပါသည်။ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်သာ ရှိခဲ့ပါသည်။

### မိုးရွာသွန်းမှုအခြေအနေ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှုအခြေအနေများမှာ- စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်ခန့်သာရှိခဲ့ပြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့ထက် ပိုခဲ့ကာ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် အောက်တိုဘာလ (ပထမ) ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်အောက် လျော့နည်းခဲ့ပါသည်။

***မိုးရွာရက်များအနေဖြင့်-*** မန္တလေးတိုင်းဒေသကြီး(ပြင်ဦးလွင်မြို့)နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၉)ရက်စီ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်(ပူတာအိုမြို့)နှင့် ကရင်ပြည်နယ်တို့တွင် (၇)ရက်မှ (၈)ရက်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း(ရွှေဘိုမြို့)၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၅)ရက်မှ (၆)ရက်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် (၄)ရက် မိုးထစ်ချုန်းရွာသွန်းခဲ့ပါသည်။

### အမြင့်ဆုံးအပူချိန်အခြေအနေ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(နေ့အပူချိန်)*** အခြေအနေများမှာ- မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်တို့ထက် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်အောက် (၃)ဒီဂရီဖာရင်ဟိုက်နှင့် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ပါသည်။

## အနိမ့်ဆုံးအပူချိန်အခြေအနေ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(ညအပူချိန်)*** အခြေအနေများမှာ– ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန် ခန့်သာရှိခဲ့ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်တို့ထက် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ၊ ချင်းပြည်နယ်တွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်အောက် (၆)ဒီဂရီဖာရင်ဟိုက်၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၄)ဒီဂရီဖာရင်ဟိုက်မှ (၅)ဒီဂရီဖာရင်ဟိုက်အထိနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ပါသည်။

## လေထုအတွင်းရေငွေ့ပါဝင်မှုအခြေအနေ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(လေထုစိုထိုင်းဆ)*** အခြေအနေများမှာ– နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် (၇၇%)မှ (၈၅%)အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် (၈၆%)မှ (၉၄%)အတွင်း အသီးသီးရှိခဲ့ပါသည်။

## ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(ပင်ငွေ့ရေငွေ့ပျံနှုန်း)*** အခြေအနေများမှာ– စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၁၆ မီလီမီတာ)မှ (၂၁ မီလီမီတာ)အတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၂၆ မီလီမီတာ)မှ (၃၅ မီလီမီတာ)အတွင်း အသီးသီးရှိခဲ့ပါသည်။

*(ဖြစ်နိုင်ချေပင်ငွေ့ရေငွေ့ပျံနှုန်းအား* **HARGREAVES METHOD** *ဖြင့် တွက်ချက်ထားပါသည်။)*

## မြေဆီလွှာအောင်းရေအခြေအနေ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(မြေဆီလွှာစိုစွတ်မှု)***အခြေအနေများမှာ– နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိခဲ့ပါသည်။

## ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပြီး၊ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်ရှိနိုင်ပြီး၊ ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

### မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ- နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်ပါသည်။

### မိုးရွာရက်

မိုးရွာရက်အနေဖြင့်- နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)နှင့် ကယားပြည်နယ် တို့တွင် ၄ ရက် မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ**

## ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှု၊ အပူချိန်၊ စိုထိုင်းဆနှင့် ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေနှင့် ပျမ်းမျှမှကွာဟချက်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | မိုးရေချိန် | ပျမ်းမျှမှ ကွာဟချက် | မိုးရွာရက် | အမြင့်ဆုံးအပူချိန် (ဒီဂရီဖာရင်ဟိုက်) | | အနိမ့်ဆုံးအပူချိန် (ဒီဂရီဖာရင်ဟိုက်) | | စိုထိုင်းဆ(%) | | ပင်ငွေ့ ရေငွေ့ ပျံနှုန်း(မမ) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | (မမ) | (%) | | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၄၉ | -၄၀ | ၃ | ၉၁ | ၁.၅ | ၆၈ | -၅.၄ | ၈၈ | ၂.၀ | ၂၉ | ၂.၈ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၈၅ | ၅၇ | ၅ | ၇၂ | ၀.၂ | ၅၁ | -၅.၉ | ၉၂ | -၂.၆ | ၁၉ | ၄.၂ |
| ၃။ | ရှမ်းပြည်နယ် (မြောက်) | လားရှိုး | * | * | * | ၈၇ | ၁.၄ | ၇၀ | ၂.၅ | ၈၄ | -၁.၇ | ၂၇ | ၀.၇ |
| ၄။ | ရှမ်းပြည်နယ် (တောင်) | တောင်ကြီး | ၁၂၇ | ၈၉ | ၉ | ၇၆ | -၀.၈ | ၆၃ | ၁.၀ | ၈၇ | ၇.၃ | ၂၁ | -၄.၉ |
| ၅။ | ရှမ်းပြည်နယ် (အရှေ့) | ကျိုင်းတုံ | ၁၃၃ | ၂၄၆ | ၄ | ၈၄ | -၁.၇ | ၆၉ | ၃.၀ | ၉၁ | ၇.၁ | ၂၁ | -၈.၁ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၁၃၄ | ၉၇ | ၆ | ၈၅ | ၀.၅ | ၆၇ | -၀.၃ | ၈၇ | ၃.၂ | ၂၆ | -၁.၃ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၂၃၃ | ၈၅ | ၇ | ၉၂ | ၀.၄ | ၇၅ | ၀.၀ | ၈၆ | ၁.၃ | ၃၀ | -၀.၅ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၁၅၅ | -၄ | ၆ | ၉၂ | ၁.၅ | ၇၆ | ၁.၁ | ၈၀ | -၀.၆ | ၃၂ | ၁.၂ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၃၁၂ | ၁၀၆ | ၆ | ၈၉ | ၀.၃ | ၇၁ | -၃.၅ | ၈၇ | -၁.၂ | ၂၈ | ၃.၄ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၁၆၂ | ၁၉၅ | ၇ | ၉၃ | ၁.၀ | ၇၆ | ၂.၃ | ၈၀ | -၂.၆ | ၃၂ | -၀.၂ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၁၂၇ | ၁၂၂ | ၆ | ၉၃ | ၀.၁ | ၇၈ | ၁.၂ | ၈၂ | ၁.၉ | ၂၈ | -၂.၆ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ဟုမ္မလင်း | ၁၂၂ | ၇၆ | ၇ | ၈၆ | -၂.၇ | ၇၇ | ၃.၇ | ၉၄ | ၂.၁ | ၁၆ | -၉.၆ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | မုံရွာ | ၃၂ | -၃၉ | ၃ | ၉၃ | ၀.၅ | ၇၈ | ၂.၅ | ၈၄ | -၀.၅ | ၂၈ | -၀.၃ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၁၂၇ | -၁၀ | ၅ | ၉၄ | ၁.၁ | ၇၅ | ၂.၆ | ၈၃ | -၀.၇ | ၃၄ | ၀.၈ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၁၁၀ | ၁၆၈ | ၅ | ၉၂ | ၂.၀ | ၇၀ | -၃.၅ | ၈၆ | ၀.၇ | ၃၂ | ၃.၂ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၉၈ | ၂၆ | ၈ | ၉၄ | ၃.၃ | ၇၃ | -၁.၆ | ၈၅ | ၀.၈ | ၃၄ | ၄.၀ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၉၂ | ၄၆ | ၇ | ၉၂ | -၀.၅ | ၇၅ | -၀.၈ | ၈၈ | ၃.၈ | ၂၈ | -၂.၁ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၉၃ | ၄၉ | ၅ | ၉၁ | ၁.၆ | ၇၅ | ၂.၄ | ၇၇ | -၇.၀ | ၃၅ | ၃.၉ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၁၀၉ | ၁၁ | ၇ | ၉၂ | ၂.၀ | ၇၃ | -၁.၉ | ၈၄ | -၂.၉ | ၃၃ | ၆.၂ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၁၃၉ | ၀ | ၇ | ၉၂ | ၃.၆ | ၇၄ | ၁.၇ | ၈၇ | ၀.၂ | ၃၄ | ၆.၀ |

**မိုးရေချိန်(-၂၀%)နှင့် (+၂၀%)အကြားရှိပါက ပျမ်းမျှခန့်ဟု သတ်မှတ်ပါသည်။**

**၂၄နာရီအတွင်း ရွာသွန်းသော မိုးရေချိန် (၂မီလီမီတာနှင့်အထက်) မိုးရွာရက်(၁)ရက်ဟုသတ်မှတ်ပါသည်။**

## ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း မြေဆီလွှာစိုစွတ်မှုအခြေအနေ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မိုးရေချိန် | ဖြစ်နိုင်စွမ်း ပင်ငွေ့ ရေငွေ့ ပျံနှုန်း | အမှန် ပင်ငွေ့ ရေငွေ့ ပျံနှုန်း | မြေဆီလွှာစိုစွတ်မှု အခြေအနေ(မမ) | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | (မမ) | (မမ) | (မမ) | စုဆောင်း | ပိုရေ | လိုရေ | |
| ၁။ | ကချင်ပြည်နယ် | ၄၉ | ၂၉ | ၂၉ | ၁၀၀ | ၂၀ | ၀ | ပြည့်ဝ |
| ၂။ | ချင်းပြည်နယ် | ၈၅ | ၁၉ | ၁၉ | ၁၀၀ | ၆၆ | ၀ | ပြည့်ဝ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | * | * | * | * | * | * | * |
| ၄။ | ရှမ်းပြည်နယ်(တောင်) | ၁၂၇ | ၂၁ | ၂၁ | ၁၀၀ | ၁၀၆ | ၀ | ပြည့်ဝ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ၁၃၃ | ၂၁ | ၂၁ | ၁၀၀ | ၁၁၂ | ၀ | ပြည့်ဝ |
| ၆။ | ကယားပြည်နယ် | ၁၃၄ | ၂၆ | ၂၆ | ၁၀၀ | ၁၀၆ | ၀ | ပြည့်ဝ |
| ၇။ | ကရင်ပြည်နယ် | ၂၃၃ | ၃၀ | ၃၀ | ၁၀၀ | ၂၀၃ | ၀ | ပြည့်ဝ |
| ၈။ | မွန်ပြည်နယ် | ၁၅၅ | ၃၂ | ၃၂ | ၁၀၀ | ၁၂၃ | ၀ | ပြည့်ဝ |
| ၉။ | ရခိုင်ပြည်နယ် | ၃၁၂ | ၂၈ | ၂၈ | ၁၀၀ | ၂၈၄ | ၀ | ပြည့်ဝ |
| ၁၀။ | နေပြည်တော် | ၁၆၂ | ၃၂ | ၃၂ | ၁၀၀ | ၁၃၀ | ၀ | ပြည့်ဝ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | ၁၂၇ | ၂၈ | ၂၈ | ၁၀၀ | ၉၉ | ၀ | ပြည့်ဝ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ၁၂၂ | ၁၆ | ၁၆ | ၁၀၀ | ၁၀၆ | ၀ | ပြည့်ဝ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | ၃၂ | ၂၈ | ၂၈ | ၁၀၀ | ၀ | ၀ | ပြည့်ဝ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | ၁၂၇ | ၃၄ | ၃၄ | ၁၀၀ | ၉၃ | ၀ | ပြည့်ဝ |
| ၁၅၊ | ပဲခူးတိုင်းဒေသကြီး(တောင်) | ၁၁၀ | ၃၂ | ၃၂ | ၁၀၀ | ၇၈ | ၀ | ပြည့်ဝ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၉၈ | ၃၄ | ၃၄ | ၁၀၀ | ၅၀ | ၀ | ပြည့်ဝ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၉၂ | ၂၈ | ၂၈ | ၁၀၀ | ၆၄ | ၀ | ပြည့်ဝ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ၉၃ | ၃၅ | ၃၅ | ၁၀၀ | ၅၈ | ၀ | ပြည့်ဝ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ၁၀၉ | ၃၃ | ၃၃ | ၁၀၀ | ၇၆ | ၀ | ပြည့်ဝ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ၁၃၉ | ၃၄ | ၃၄ | ၁၀၀ | ၁၀၅ | ၀ | ပြည့်ဝ |

**(ဖြစ်နိုင်စွမ်း ပင်ငွေ့ရေငွေ့ပျံနှုန်းအား HARGREAVES METHOD ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။)**

**နောက်ဆက်တွဲ(ဂ)**

## ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသ (ပျမ်းမျှ) အချက်အလက်ခန့်မှန်းချက်များ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | အမြင့်ဆုံး အပူချိန် | အနိမ့်ဆုံး အပူချိန် | ပျမ်းမျှ အပူချိန် | စိုထိုင်းဆ | ပင်ငွေ့ ရေငွေ့ ပျံနှုန်း |
|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ပျမ်းမျှ (%) | (မမ/၁၀-ရက်) |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၈၉ | ၇၁ | ၈၀ | ၈၅ | ၂၇ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၇၁ | ၅၅ | ၆၃ | ၉၃ | ၁၆ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | ၈၅ | ၆၆ | ၇၆ | ၈၅ | ၂၇ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | ၇၇ | ၆၁ | ၆၉ | ၇၉ | ၂၆ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | ၈၄ | ၆၅ | ၇၅ | ၈၄ | ၂၈ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၈၄ | ၆၇ | ၇၅ | ၈၃ | ၂၈ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၉၄ | ၇၅ | ၈၄ | ၈၂ | ၃၄ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၉၁ | ၇၅ | ၈၃ | ၇၉ | ၃၄ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၈၉ | ၇၄ | ၈၂ | ၈၇ | ၂၆ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၉၂ | ၇၄ | ၈၃ | ၈၂ | ၃၃ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၉၃ | ၇၆ | ၈၄ | ၇၉ | ၃၃ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး (အထက်) | ဟုမ္မလင်း | ၈၉ | ၇၁ | ၈၀ | ၉၁ | ၂၇ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး (အောက်) | မုံရွာ | ၉၂ | ၇၅ | ၈၃ | ၈၄ | ၂၉ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၉၂ | ၇၂ | ၈၂ | ၈၃ | ၃၄ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၉၁ | ၇၄ | ၈၂ | ၈၄ | ၃၁ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၉၁ | ၇၄ | ၈၃ | ၈၄ | ၃၁ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၉၃ | ၇၆ | ၈၄ | ၈၃ | ၃၂ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၉၁ | ၇၃ | ၈၂ | ၈၃ | ၃၂ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၉၁ | ၇၅ | ၈၃ | ၈၅ | ၂၉ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၉၀ | ၇၃ | ၈၁ | ၈၄ | ၃၂ |